# EACS preK မှ 6 တန်းအထိ အတန်းများ၊ iPad အတွက် မေးလေ့မေးထ ရှိသော မေးခွန်း နှင့် အဖြေများ

## ခေါင်းစဉ် - iPad ကုန်ကျစရိတ်များ

**iPad များအတွက် ထောက်ပံ့ကြေးကို မည်သည့်နေရာမှ ရရှိပါသလဲ?** သူငယ်တန်း မှ ၆ တန်း ကျောင်းသူ/သားများအတွက် iPad များကို ပုံနှိပ်စာအုပ်ငှားခမှ တချို့တဝက် နှင့် Capital Project Funds ထောက်ပံ့ကြေးမှ တချို့တဝက် ရယူပြီး ဝယ်ယူသုံးစွဲထားပါသည်။

**ကျောင်းသူ/သားတို့မှ မည်သည့် iPad အမျိုးအစားအား လက်ခံရရှိကြပါသနည်း?** K-6 ကျောင်းသူ/သားများသည် 32 GB ရှိသည့် iPad 5 အား အဖုံးအသစ် တခု၊ အားသွင်းကြိုး တခုနှင့်အတူ လက်ခံရရှိကြပါမည်။

**iPad နှင့်ပတ်သက်သော အခြား ကုန်ကျမှုများ ရှိပါသလား?** ဆန္ဒအလျောက် iPad ကို တမင်ရည်ရွယ်၍ ပျက်စီးအောင်ပြုလုပ်ခြင်း၊ သို့မဟုတ်၊ ကျောင်းအုပ်များ မှ iPad များကို အိမ်သို့ ယူဆောင်သွားစေသော ကျောင်းများမှလွဲ၍ မိဘများ၌ အပိုကုန်ကျစရိတ် မရှိပါ။ အကယ်၍ ကျောင်းသူ/သားများသည် အိမ်သို့ iPad ယူဆောင်သွားရန် ကျောင်းအုပ်မှ ရွေးချယ်ဆုံးဖြတ်သော ကျောင်းတွင် ၄တန်း မှ ၆ တန်းအတွင်း တက်ရောက်နေပါက အာမခံချက်အတွက် အိတ်စိုက်ထုတ်ငွေ 30 ဒေါ်လာ မှာ မိဘများအတွက် ရွေးချယ်စရာတခု ဖြစ်ပါသည်။ အကြောင်းအရာအသေးစိတ်ကို မိမိကျောင်းအုပ်၊ သို့မဟုတ်၊ အတွင်းရေးမှူး ထံသို့ ဆက်သွယ်မေးမြန်းပါ။

**အကယ်၍ iPad ကျိုးပဲ့ပျက်စီးသွားလျှင်၊ ကျောင်းသူ/သားအနေဖြင့် မည်သို့ လုပ်ရမည်နည်း?** အကယ်၍ iPad ပျက်စီးသွားလျှင်၊ အိမ်သို့ iPad ယူဆောင်သွားရန် ကျောင်းအုပ်မှရွေးချယ်သော ကျောင်းများ၏ ၄တန်း မှ ၆ တန်းအထိ အတန်းများမှလွဲ၍ ခရိုင်မှ ပြုပြင်ခ ပေးပါမည်။ ထိုကျောင်းများ၌ အာမခံကြေး အိတ်စိုက်ထုတ်ငွေ 30 ဒေါ်လာမှာ မိဘများအတွက် ရွေးချယ်မှုတစ်ခုဖြစ်ပြီး၊ မိဘများမှ ပြုပြင်ခကို ပေးဆောင်ရမည်ဖြစ်ပါသည်။ ကျောင်းများအားလုံး၌ ကျောင်းသူ/သားမှ တမင်ရည်ရွယ်၍ iPad အား ဖျက်ဆီးပါက၊ မည်သည့် ကျောင်း နှင့် အတန်း၌မဆို၊ မိဘတို့မှ ပြုပြင်ခ ပေးဆောင်ရပါမည်။

**K-6 အတန်းများ၏ iPad များအတွက် ကျောင်းသူ/သားများ နှင့် မိဘများမှ Apple Care+ ကို ဆက်သွယ်နိုင်ပါသလား?** မဆက်သွယ်နိုင်ပါ။ Apple Care+ သည် 7-12 အတန်း၏ ipad အသစ်များအတွက်သာ ဝယ်ပေးထားပါသည်။ အကယ်၍ မိဘတို့မှ နောက်ထပ် မေးခွန်းများရှိလျှင် Apple ဝက်ဘ်ဆိုဒ် https://support.apple.com/ သို့ ဝင်ရောက် ဆက်သွယ်နိုင်ပါသည်။ ထို့အပြင် မိဘတို့ အနေဖြင့် စက်မှုနည်းပညာ ညွှန်ကြားရေးမှူး ထံသို့ အီးမေးလ် kmadsen@eacs.k12.in.us ဖြင့် ဆက်သွယ်နိုင်ပါသည်။

**အကယ်၍ iPad ပျောက်ဆုံးလျှင်၊ သို့မဟုတ်၊ အခိုးခံရလျှင်၊ မည်သို့ ဖြစ်မည်နည်း?** အကယ်၍ ကလေးတစ်ဦးသည် အိမ်သို့ iPad ယူဆောင်သွားရန် ကျောင်းအုပ်မှ ရွေးချယ်ဆုံးဖြတ်ထားသော ကျောင်းတွင် ၄တန်း မှ ၆ တန်း ၌ တက်ရောက်ပါက အာမခံချက် အတွက် အိတ်စိုက်ထုတ်ငွေ 30 ဒေါ်လာ ပေးရန် မိဘများမှ ရွေးချယ်နိုင်ပါသည်။ အကယ်၍ ပျောက်ဆုံးလျှင်၊ သို့မဟုတ်၊ အခိုးခံရလျှင်၊ နောက်တစ်နေ့တွင် မိဘတို့မှ ပုလိပ်ထံသို့ အမှုဖွင့်တိုင်ကြားပြီး၊ iPad အစားထိုး လျော်ကြေး တန်ဖိုးအပြည့် (294 ဒေါ်လာ) နှင့် အဖုံးခ (18.50 ဒေါ်လာ) ပေးရပါမည်။ အသေးစိတ်အကြောင်းအရာများ အတွက် မိမိကလေး ၏ ကျောင်းအုပ်၊ သို့မဟုတ်၊ အတွင်းရေးမှူး ထံသို့ ဆက်သွယ်ပါ။

## ခေါင်းစဉ် - ပုံနှိပ်စာအုပ်များ

**EACS မှ ပုံနှိပ်စာအုပ်များအား ကွန်ပျူတာ အချက်အလက်ဖြင့် အစားထိုးပါမည်လား?** လောလောဆယ် ကျွန်ုပ်တို့သည် လုံးလုံးမှီခိုအားကိုး နေရသော ပုံနှိပ်စာအုပ်များမှ ပိုမိုကျယ်ပြန့်သော ပညာရေး ဆိုင်ရာ အသုံးချအရာများနှင့် အတွေ့အကြုံများ ဆက်သွယ်ရယူခွင့်ရှိမည့် ကွန်ပျူတာနည်းပညာ အပိုင်းသို့ ကူးပြောင်းနေသော ကြားကာလ အပိုင်းအခြား ဖြစ်ပါသည်။ ဤကြားကာလတွင် တချို့သော ပုံနှိပ်စာအုပ်များကို ဆက်လက် ရရှိနိုင်ပါမည်။ *အချိန် ကြာလာသည်နှင့်အမျှ iPad တွင် အသုံးပြုရမည့် ဒစ်ဂျစ်တယ်လ် ပုံနှိပ်စာအုပ်များနှင့် အထောက်အကူ အရင်းအမြစ်များကို သင်ကြားမှု နယ်ပယ် အားလုံး၌ ရရှိနိုင်စေရန် ဖန်တီးပေးသွားမည် ဖြစ်ပါသည်။* လောလောဆယ် အဓိက ဘာသာရပ် ၃ ခု - McGraw Hill Reading Wonders၊ Pearson Math နှင့် Social Studies အတွက် ပုံနှိပ်စာအုပ်များကို iPad တွင် *ဒစ်ဂျစ်တယ်လ်* ပုံစံဖြင့် ရရှိနိုင်ပါသည်။

**စာအုပ်များအားလုံးအား iPad ထဲတွင် ရရှိနိုင်ပါသလား?** အဓိကပုံနှိပ်စာအုပ် ထုတ်ဝေသူများ အားလုံးသည် *ဒစ်ဂျစ်တယ်လ်* ပုံနှိပ်စာအုပ်များ အဖြစ်သို့ နိုင်ငံနှင့် အဝှမ်း ကူပြောင်းနေကြပါသည်။

**iPad အတွက် ပုံနှိပ်စာအုပ် အမျိုးအစား ဘယ်နှစ်မျိုး ကွဲပြားပါသနည်း?** e-textbooks (*ဒစ်ဂျစ်တယ်လ်* ပုံစံဖြင့် ဖတ်ရှုရန် ပြောင်းလိုက်သော ပုံနှိပ်စာအုပ်များ) နှင့် iTextbooks (လှုပ်ရှားမှုပါဝင်သောဗီဒီယိုများ၊ အချက်အလက်၊ နှင့် ပညာပေး widgets ပါဝင်သည့် ပုံနှိပ်စာအုပ်များ) ဖြစ်ပါသည်။

## ခေါင်းစဉ် - iPad ဖြန့်ဝေခြင်း

**ကျောင်းသူ/သားများအား မည်သည့်အချိန်တွင် iPad ထုတ်ပေးမည်နည်း?** EACS ၌ မူကြို မှ 6 တန်းအထိ iPad များကို ကျောင်း ပထမဆုံးအပတ်တွင် အသင့် ရှိနေပါမည်။ ကျောင်းအုပ်နှင့် ဆရာ/မ များမှ အချိန် သတ်မှတ်ပြီးချိန်တွင် ကျောင်းသူ/သားများအား iPad များ ပေးပါလိမ့်မည်။

**ကျွန်ုပ်ကလေးမှ မိမိကိုယ်ပိုင်စက်ပစ္စည်းကို ကျောင်း၌ အသုံးပြုနိုင်သလား?** အသုံးပြု၍မရပါ။ ပရိုဂရမ်များ၊ စီမံခန့်ခွဲရေးနှင့် လုံခြုံရေး ကိစ္စရပ်များကြောင့် တစ်ဦးချင်းစီ၏ ကိုယ်ပိုင် စက်ပစ္စည်းများ အသုံးပြုခြင်းကို EACS မှ ခွင့်ပြုရန် မဖြစ်နိုင်ပါ။ ဤရွေးချယ်မှုကို လာမည့်အနာဂါတ်တွင် လေ့လာ စူးစမ်း ကြည့်လာ နိုင်ပါသည်။

**ကျောင်းသူ/သားများသည် iPad အား အိမ်သို့ ယူဆောင် လာနိုင်ပါသလား?** ယူဆောင်လာနိုင်ပါသည်။ ကလေးသည် အိမ်သို့ iPad ယူဆောင်သွားရန် ကျောင်းအုပ် မှ ရွေးချယ်ဆုံးဖြတ်ထားသော ကျောင်းတွင် ၄တန်း မှ ၆ တန်း ၌ တက်ရောက်ပါက ကျောင်းအုပ်နှင့် ဆရာ/မများမှ သတ်မှတ်ပေးသော အချိန်တွင် အိမ်သို့ iPad များ စတင် ယူဆောင်လာကြပါမည်။

**ဤကိစ္စအား ရေရှည် အကောင်အထည်ဖေါ်ခဲ့သော အခြားကျောင်း နည်းစနစ်များအား ကျွန်ုပ်တို့ လေ့လာခဲ့ပါသလား? "သင့်အနေဖြင့် အခြားမတူညီသော နည်းလမ်းဖြင့် မည်သို့ဆောင်ရွက်မည်နည်း" ဟု ကျွန်ုပ်တို့ မေးခဲ့ပါသလား? ဤ လမ်းကြောင်း၌ သင့်အနေဖြင့် မည်သည့် စိုးရိမ်ထိတ်လန့်စိတ် ရှိခဲ့ပါသလဲ? စသည်တို့ကဲ့သို့သော ခက်ခဲသောမေးခွန်းများအား ကျွန်ုပ်တို့ မေးမြန်းခဲ့ပါသလား။** ဟုတ်ကဲ့၊ မေးမြန်းခဲ့ပါသည်။ လောလောဆယ် ၁ အချိုး ၁ အစပျိုး အသုံး ပြုမှု (1:1 initiative) ၌ ပါဝင်ကြသော ခရိုင်များအတွင်းရှိ ကျောင်းမြောက်များစွာသို့ ကျွန်ုပ်တို့ သွားရောက်ခဲ့ပါသည်။ အစပျိုး အသုံးပြုရာ၌ အသုံးပြုသော စက်ပစ္စည်းကိရိယာများတွင် iPads, MacAirs, Microsoft Surface, Lenovo Tablet, နှင့် Windows လက်ပ်တော့ပ် (Dell, HP) များပါဝင်သည်။ ၁ အချိုး ၁ အစပျိုး အသုံးပြုမှု (1:1 initiative) စမ်းသပ်ခြင်းများနှင့် အဆင်မပြေမှုများအကြောင်းကို ပြည်နယ်နှင့် တိုင်းအဆင့် စက်မှုနည်းပညာညွှန်ကြားရေးမှူးများ နှင့် စကားဖြင့် ပြန်လှန်ဆွေးနွေးမှုများ မြောက်များစွာ ပြောဆိုခဲ့ပါသည်။

**ကျောင်းသူ/သားများသည် ကျောင်းပိတ်ရက်ကာလများတွင် iPad များကို ယူထားရပါမည်လား?** အိမ်သို့ iPad ယူဆောင်သွားရန် ကျောင်းအုပ်မှ ရွေးချယ် ဆုံးဖြတ် ထားသော ကျောင်းတွင် တက်ရောက်နေသော ၄တန်း မှ ၆ တန်း ကျောင်းသူ/သားများသည် မိမိတို့ iPad ကို ကျောင်း တနှစ်ကာလလုံး အိမ်တွင် ယူထားနိုင်ပါသည်။ iPad များကို နွေရာသီကျောင်းပိတ်ရက်မတိုင်မီ 2 ပတ်အလိုတွင် ပြန်လည်သိမ်းယူပါမည်။ ၄င်းဆုံးဖြတ်ချက်ကို နောင်တချိန်၌ ပြန်လည် စီစစ် ပြုပြင်နိုင်ပါသည်။

**iPad အကြောင်း ပိုမို လေ့လာလိုပါက မည်သည့်နေရာတွင် လေ့လာနိုင်ပါသနည်း?** http://www.apple.com/ipad သို့ ဝင်ရောက်၍ Apple မှ တဆင့် iPad အကြောင်း တိုက်ရိုက် လေ့လာနိုင်ပါသည်။ မိမိကလေးကို Canvas ထဲမှ ကူညီမှု သင်တန်းတခု ဖြစ်သော EACS ကျောင်းသူ/သား နည်းပညာ အကူအညီ (EACS Student Tech Help) သို့ ဆက်သွယ် ဝင်ရောက်ခိုင်း၍လည်း လေ့လာနိုင်ပါသည်။

**ဈေးကွက်ထဲတွင် နောက်ထပ် iPad အသစ်များ ပေါ်လာလျှင် မည်သို့ ဖြစ်လာမည်နည်း?** EACS စက်မှုနည်းပညာ ကော်မတီ နှင့် ဌာနတို့မှ နောင်တချိန်တွင် ရရှိနိုင်သော စက်မှုနည်းပညာအားလုံး၏ ရွေးချယ်မှုအသစ်များ အားလုံးအား ကြည့်ရှုပေးပါမည်။

## ခေါင်းစဉ် - ဒစ်ဂျစ်တယ်လ် နိုင်ငံသား

**ကျွန်ုပ်၏ကလေး လုပ်ဆောင်ရမည့် ဒစ်ဂျစ်တယ်လ် နိုင်ငံသားပညာရပ် ဆိုသည်မှာ အဘယ်နည်း?** EACS ဒစ်ဂျစ်တယ်လ် နိုင်ငံသား ပညာရပ်အား CommonSense.org ဝက်ဘ်ဆိုက်ထဲတွင် ရှိနေစေရန် ဆက်လက် ထည့်သွင်းထားပါမည်။ ခေါင်းစဉ်များသည် စက်မှုလက်မှု အခြေခံမှစ၍ အင်တာနက် လုံခြုံရေးများအထိ ကျယ်ပြန့်စွာ ခြုံငုံမိပါသည်။ ဤ တောင်းဆိုချက်အား ပြီးစီးရန် လုပ်ဆောင်ရာ၌ မေးခွန်းတစ်စုံတစ်ခုရှိလျှင်၊ ကျွန်ုပ်တို့ စက်မှုနည်းပညာ ညွှန်ကြားရေးမှူး ထံသို့ အီးမေးလ် kmadsen@eacs.k12.in.us ဖြင့် တိုက်ရိုက် မေးမြန်း၍၎င်း၊ သို့မဟုတ်၊ www.commonsense.org ဝက်ဘ်ဆိုဒ် သို့ ဝင်ရောက်လေ့လာခြင်းဖြင့်၎င်း၊ မေးမြန်းနိုင်ပါသည်။

**ကျွန်ုပ်ကလေးမှ Digital နိုင်ငံသား အကြောင်းအရာကို မည်မျှ လက်ခံရရှိမည်နည်း?** အတန်းအလိုက် မူတည်၍ ကျောင်းသူ/သားအနေဖြင့် 4 နာရီနှင့် 5 နာရီ ကြားအချိန်အထိ Digital နိုင်ငံသား သင်ခန်းစာများကို EACS ဆရာ/မများ နှင့် CommonSense.org ၌ ပါဝင်သောအချက်အလက်များမှ လက်ခံရရှိကြပါမည်။ သင်ခန်းစာတိုင်းသည် ပထမသုံးလပတ်ကာလ (semester 1) တွင် ပြီးဆုံးမည် ဖြစ်ပါသည်။

## ခေါင်းစဉ် - အတန်းထဲမှ iPad (စီမံခန့်ခွဲမှု/ တာဝန်သိတတ်မှု)

**ကျွန်ုပ်၏ ကလေးသည် iPad အသုံးပြုရန် လိုအပ်ပါသလား?** ပညာရေးဆိုင်ရာ အထောက်အကူများနှင့် အချက်အလက်များကို iPad မှတဆင့် ပေးပို့မည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိကလေးပညာရေးအတွက် iPad သည် လိုအပ်ချက်တခု ဖြစ်ပါသည်။ ၁ အချိုး ၁ (1:1) ပရိုဂရမ်မှ သင်၏ကျောင်းသူ/သား အတွက် တစ်ဦးချင်း လေ့လာသင်ယူမှု ရရှိစေပြီး သူ/သူမ၏ အတန်းဖေါ်များ၊ ဆရာ/မ များ၊ နှင့် ကမ္ဘာကြီး အား "ဆက်သွယ်" နိုင်စွမ်းရှိစေရန် ပံ့ပိုးပေးပါမည်။

**iPad အား အိမ်သို့ ယူဆောင်လာခြင်းဖြင့် မည့်သည့်အကျိုးကျေးဇူးများ ရရှိပါသနည်း?** iPad သည် မှတ်စုများ၊ လက်ကမ်းစာစောင်များ၊ စာအုပ်များ၊ ညွှန်ပြပို့ချပေးသောဗီဒီယိုများ၊ အိမ်စာများ သိမ်းဆည်းထားရန်နှင့် ကျောင်းသူ/သားအား ကျွမ်းကျင်တတ်မြောက်စေရန်အတွက် ကူညီပေးရန်

ပုံစံထုတ်ထား သော အခြား အခမဲ့ အသုံးချမှုများကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်သော  ကိုယ်ပိုင် စက်ပစ္စည်း တစ်ခုဖြစ်ပါသည်။ ကျောင်းပြင်ပ၌ iPad အသုံးပြုခြင်းသည် ကျောင်းသူ/သားတို့အား 24 နာရီ ၊ 7 ရက်တာပတ်လုံး ၎င်းတို့၏ အသုံးချပစ္စည်းများအား ဆက်သွယ် လုပ်ဆောင်နိုင်စေပါမည်။

**ကျွန်ုပ်တို့ အိမ်၌ အင်တာနက်ရှိရန် လိုအပ်ပါသလား?** မလိုအပ်ပါ။ အိမ်၌ အင်တာနက်ရှိခြင်းသည် အတန်းပိုင် ဆရာတို့၏ အသုံးပြုမှုပေါ်တွင် မူတည် သော်လည်း Google Docs ကဲ့သို့ Apps အများစုမှာ အင်တာနက် လိုင်း တက်မထားသော်လည်း အသုံးပြုနိုင်ပြီး ကျောင်းသူ/သားအနေဖြင့် အိမ်စာများကို အိမ်၌ ပြီးအောင်ဆောင်ရွက်ပြီး နောက်တစ်နေ့ ကျောင်းသွားသည့်အခါ ကျောင်းထဲသို့ ဝင်ရောက်သည်နှင့် ချင်ချင်း ပြန်လည်ဆက်သွယ်မှု ရရှိ၍ ၎င်းတို့၏အိမ်စာများကို တင်သွင်းနိုင်ပါသည်။ မလိုအပ်ဟုဆိုစေကာမူ ကျောင်းသူ/သားများအနေဖြင့် အိမ်မှ အင်တာနက်သည် အချက်အလက်များ ရှာဖွေရာ၌ဖြစ်စေ၊ စာသင်ခန်းပြင်ပမှ အတန်းဖော် နှင့် ဆရာ/မ များနှင့် ဆက်သွယ်ရာ၌ အကူအညီဖြစ်စေပါမည်။

**အိမ်၌ သုံးမည့် အင်တာနက်ဆက်သွယ်မှု ကို EACS မှ ပံ့ပိုးပေးပါသလား?** မပံ့ပိုးပေးပါ။ သို့သော်လည်း လျှော့ဈေးဖြင့်စားရသော နေ့လယ်စာ၊ သို့မဟုတ်၊ အခမဲ့ နေ့လယ်စာ ရရှိကြသည့် EACS ကျောင်းသူ/သားများအတွက် အချို့နေရာများတွင် Comcast Essentials ၌ တစ်လလျှင် 9.95 ဒေါ်လာနှုန်းဖြင့် ဆက်သွယ်ရရှိနိုင်ပါသည်။ Comcast Essentials လက်ကမ်းစာစောင်နှင့် ပတ်သက်၍ ကျောင်းအတွင်းရေးမှူးနှင့် ကျေးဇူးပြု၍ သွားရောက်တွေ့ဆုံပါ။ EACS သည် ဒေသခံ အင်တာနက်ဆက်သွယ်ရေးဌာနများ၏ ဝန်ဆောင်မှု အရည်အသွေးများကို ချုပ်ကိုင်ထားခြင်းမရှိပါ။

**အကယ်၍ ကျွန်ုပ်တွင် အိမ်၌ အင်တာနက်ရှိပြီးသား ဖြစ်ပါက၊ ကျွန်ုပ်ကလေးအနေဖြင့် ကျောင်းမှ စက်ပစ္စည်းကို ကျွန်ုပ်တို့၏ အင်တာနက်ဖြင့် ဆက်သွယ်၍ အသုံးပြုနိုင်ပါသလား?** ဟုတ်ကဲ့၊ ကျောင်းသူ/သားများ၏ စက်ပစ္စည်းများကို ကျောင်းအင်တာနက်မှ အိမ်အင်တာနက်သို့ ပြောင်းလဲဝင်ရောက်ရန် ကျွန်ုပ်တို့ ကူညီပေးပါမည်။ ၎င်းအတွက် လိုအပ်သော အရာမှာ ဆက်သွယ်ရေး၏ လျှို့ဝှက်သင်္ကေတ အမှတ်အသား (network password) ဖြစ်ပါသည်။

**ကျွန်ုပ်ကလေးသည် ဘာသာရပ်တိုင်းအတွက် iPad ကို အသုံးပြုရပါမည်လား?** iPad သည်ကျောင်း၌ ကျောင်းသူ/သား၏ လက်စွဲကိရိယာတစ်ခု ဖြစ်ပါမည်။ ဘာသာရပ်ပေါ်တွင် မူတည်၍ အသုံးပြုပုံ ကွဲပြားလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားပါသည်။ ကျွန်ုပ်တို့၏ဆရာ တစ်ဦးချင်းမှ ၎င်းတို့အတွက် အတန်း မှတ်စုများ၊ အိမ်စာများ၊ အစရှိသည်တို့အား တင်ပြခွင့်ပေးမည့် အွန်လိုင်းစာသင်ခန်းများ ဖွဲ့စည်းထားပါသည်။ စည်းကမ်းအားလုံးအားလိုက်နာ၍ iPad များကို အသုံးချရန် မျှော်လင့်ထားပါသည်။

**အကယ်၍ ကျောင်းသူ/သားမှ iPad  ကို ကျောင်းသို့ယူသွားရန် မေ့ကျန်ခဲ့လျှင် မည်သို့ ဖြစ်မည်နည်း?** အကယ်၍ ကျောင်းသူ/သားမှ iPad ကို ကျောင်းသို့ ယူလာရန် မေ့ကျန်ပါက၊ သူ/သူမသည် မိမိနှင့်အတူ iPad ရှိသကဲ့သို့ သင်ခန်းစာများကို ပြီးအောင်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

**iPad ဘတ္တရီသည် ကျောင်းတက်ရက် တစ်နေ့တာလုံးအတွက် ကြာရှည်ခံပါသလား?** ကျွန်ုပ်တို့မှ iPad ကိုရွေးချယ်ရခြင်း အဓိကအကြောင်းရင်းတစ်ရပ်မှာ အခြား ကွန်ပျူတာ လက်ပ်တော့ပ် ဘတ္တရီများကဲ့သို့ မဟုတ်ပဲ အားအပြည့်သွင်းပါက၊ ၁၀ နာရီအထိ အသုံးခံနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ စက်မှုနည်းပညာ လက်စွဲစာအုပ်ထဲ တွင်ဖော်ပြထားသည့်အတိုင်း ကျောင်းသို့လာသည့်အခါ စက်ပစ္စည်းကို အားအပြည့် သေချာဖြည့်ရန်မှာ ကျောင်းသူ/သားများ၏ တာဝန် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် သုည ရာခိုင်နှုန်း မှ ၁၀၀ ရာခိုင်နှုန်း အထိအားပြည့်ရန် စက်ပစ္စည်းကို ၂ နာရီ မှ ၃နာရီ အထိ အားဖြည့်ရန်လိုအပ်ပါသည်။

## ခေါင်းစဉ် -  စက်ပစ္စည်း စီမံဆောင်ရွက်ခြင်း

**EACS မှ မည်သည့် App အဆင့်သတ်မှတ်ခြင်း စနစ်ကို အသုံးပြုပါသလဲ?** မူလတန်းကျောင်းသူ/သားတို့မှ 4+ ၊သို့မဟုတ်၊ 9+ အဆင့်ရှိသော apps များ ကိုသာ ဝင်ရောက်အသုံးပြုနိုင်ပါသည်။

**ကျွန်ုပ်ကလေး၏ အင်တာနက် လမ်းကြောင်းကို စီစစ်ပေးမည်လား?** ကျောင်းပရဝုဏ်အတွင်း၌ ရှိစဉ်၊ ကျောင်းသူ/သားအားလုံး အင်တာနက် လမ်းကြောင်းအား ကျွန်ုပ်တို့၏ ဆက်သွယ်မှုလမ်းကြောင်း (proxy server) မှတဆင့် ထိန်းချုပ်စီစစ်ပေးပါသည်။ ကျောင်းနယ်မြေပြင်ပ၌ ကျောင်းသူ/သား၏ အင်တာနက်လမ်း ကြောင်းအား ကမ္ဘာသုံး ဆက်သွယ်မှုလမ်းကြောင်း (Global proxy server) မှတဆင့် စီစစ်ပေးပါလိမ့်မည်။

**အကယ်၍ iPad ပျောက်သွားလျှင်၊ သို့မဟုတ်၊ အခိုးခံရလျှင် iPad အား အဝေးမှ ထိန်းချုပ်ရှာဖွေခြင်း၊ သို့မဟုတ်၊ "ပိတ်လိုက်သည်" ကိရိယာ ရှိပါသလား?** ကျောင်းကြီးမှဲ့ဆက်သွယ်ရေးမှတဆင့် iPad တည်နေရာအား ကျောင်းတွင်း၌ ရှာတွေ့နိုင်ပါသည်။ တချို့သောအခြေအနေများတွင် အဝေးမှ ရှင်းထုတ်ခြင်း (သို့)  "ပိတ်လိုက်ခြင်း" ကို အောင်မြင်စွာဆောင်ရွက်နိုင်ပါသည်။ EACS iPad အားလုံးသည် Apple စက်ပစ္စည်းအားစာရင်းပေးသွင်းထားသည့် အစီအစဉ် (Apple Device Enrollment Program - DEP ) ထဲတွင် ရှိသည့်အတွက် အခိုးခံရသော iPad များကို EACS မှ နေရာရှာဖွေတွေ့နိုင်ပြီး အကယ်၍ သူခိုးများမှ iPad အား အကြောင်းအရာရှင်းထုတ်ရန် ကြိုးစားပါက ၎င်း iPad သည် ပြန်လည် အသုံးမပြုနိုင်တော့ပဲ တန်ဖိုးမဲ့သွားပါလိမ့်မည်။

**ကျွန်ုပ်ကလေးသည် ကျောင်းဆင်းချိန် ကာလပ်ဘ်၊ လေ့ကျင့်မှု၊ သို့မဟုတ်၊ အားကစားတွင် ပါဝင်လှုပ်ရှားပါသည်။ iPad လုံခြုံစွာသိမ်းဆည်းရန်အတွက် မည်သူ့၌ တာဝန်ရှိပါသနည်း?** EACS မှ ကျောင်းသူ/သားများသည် ကျောင်းအဆင်းလှုပ်ရှားမှုများ၌ ကျောင်းတွင် ကစား သည်ဖြစ်စေ၊ အဝေးသွား၍ ကစားရသည်ဖြစ်စေ မိမိတို့ iPad များကို ကျောင်းမှ သတ်မှတ်ပေးထားသော မိမိတို့၏ ပစ္စည်းသိမ်းဆည်းခန်းထဲတွင် **သော့ခတ်ထားခဲ့ရန်** ပြင်းပြစွာ တိုက်တွန်းလိုပါသည်။

**ကျောင်းတိုင်းတွင် ကိုယ်ပိုင် စက်မှုနည်းပညာပိုင်း ပံ့ပိုးပေးသည့် အစီအစဉ်ရှိပါသလား?** EACS ကျောင်းများတွင် iPad ပြဿနာများအား ကူညီဆောင်ရွက်ပေးရန် စက်မှုနည်းပညာ နည်းပြငါးဦးအား တာဝန်ပေးအပ်ထားပါမည်။ ထို့အပြင် စက်မှုနည်းပညာဌာန စက်မှုပညာရှင်များ၊ သင်ကြားပို့ချမှု ဆိုင်ရာ နည်းပြများ၊ CRT's ၊ မီဒီယာ ကျွမ်းကျင်သူများနှင့် လက်ထောက် မီဒီယာ ကျွမ်းကျင်သူများထံမှ နည်းပညာပံ့ပိုးမှုများ ရရှိပါမည်။

## ခေါင်းစဉ် - iTunes Store နှင့် App Store

**ကိုယ်ပိုင် iTunes အကောင့် တစ်ခုရှိရန် လိုအပ်ပါသလား (Apple ID) ?** ကျောင်းအုပ်မှ အိမ်သို့ iPad ယူဆောင်သွားရန် ရွေးချယ်သောကျောင်းများ၏ ၄တန်းမှ ၆တန်း အတန်းများအတွက်သာ iTunes အကောင့် ရှိရန် လိုအပ်ပါသည်။ အတန်းပေါ်မူတည်၍ 90+ အခမဲ့ ပညာရေးဆိုင်ရာ apps များအား အသုံးပြုရန် EACS မှ "တိုက်တွန်း" ပါသည်။ အခြားသော ပညာရေးဆိုင်ရာ Apps, iBooks ၊ သို့မဟုတ်၊ တေးသီချင်းများ ဒေါင်းလုဒ် လုပ်ရန်အတွက် ကိုယ်ပိုင် Apple ID မဖြစ်မနေ ရှိရပါမည်။ ၄င်းသည် သင့်ကလေးအား iPad အသုံးပြုရာ၌ ၎င်းတို့ စိတ်ဝင်စားသော apps, music, အစရှိသည်တို့အား ဒေါင်းလုဒ် လုပ်နိုင်ခြင်းဖြင့် ကိုယ်ပိုင်ဖြစ်စေရန် EACS လမ်းညွှန်မှု ဘောင်အတွင်းမှ ခွင့်ပြုပေးပါလိမ့်မည်။

**Software ဒေါင်းလုဒ် လုပ်ရန် နှင့် သွင်းရန် ခရက်ဒစ်ကဒ် လိုအပ်ပါသလား?** ခရက်ဒစ်ကဒ် မလိုအပ်ပါ။ ကျောင်းသူ/သားတို့မှ apps များ ဒေါင်းလုဒ် လုပ်နိုင်မည့် အခမဲ့ Apple ID ဖွင့်ရန် လိုအပ်ပါမည်။ ကျောင်းသူ/သား၊ သို့မဟုတ်၊ မိဘများမှ iTunes လက်ဆောင်ကဒ်များဝယ်ယူနိုင်၍ ကျောင်းသူ/သား၏ အကောင့်ထဲသို့ ငွေသွင်းရန် ရွေးချယ်နိုင်ပါသည်။ **ဤသို့ပြုလုပ်ရန် ခရက်ဒစ်ကဒ် မလိုအပ်ပါ။**

**ကျွန်ုပ်ကလေးစက်ထဲသို့ ကျွန်ုပ်အနေဖြင့် apps များ သွင်းယူနိုင်ပါသလား?** ဟုတ်ကဲ့၊ မူလတန်းအတွက် ကျောင်းအုပ်မှ iPad များကို အိမ်သို့ယူဆောင်သွားရန် ရွေးချယ်သော ကျောင်းများ၏ ၄တန်းမှ ၆တန်းအထိ အတန်းများအတွက် သွင်းနိုင်ပါသည်။ မိမိတို့ ကလေးအတွက် ကျောင်းမှ ပေးအပ်သည်တို့ထက် သာလွန် ကောင်းမွန်သော apps များဝယ်ယူရန် မိဘများအား ကျွန်ုပ်တို့ ခွင့်ပြုထားပါသည်။ ဤသို့ လုပ်ဆောင်ရန် သင့်အနေဖြင့် ၄င်းတို့၏ iTunes အကောင့်ထဲသို့ လက်ဆောင်ကဒ် သွင်းပေးနိုင်ပါသည်။ သို့ဆိုစေကာမူ iPad သည် ၎င်းတွင် ထားရှိသည့် EACS ၏ ထိန်းချုပ်မှုများအား လိုက်နာနေရဦးမည် ဖြစ်သည့်အတွက် 4+ နှင့် 9+ စံနှုန်း သတ်မှတ်ထားသော apps များကိုသာ သွင်းယူနိုင်ပါသည်။

**ကျောင်းသူ/သားမှ အခြား apps နှင့်တေးသီချင်းများ သွင်းနိုင်ပါသလား?** ဟုတ်ကဲ့၊ မူလတန်းအတွက် ကျောင်းအုပ်မှ iPad များကို အိမ်သို့ယူဆောင်သွားရန် ရွေးချယ်သော ကျောင်းများ၌ ၄တန်းမှ ၆တန်းအထိ တက်ရောက်နေသော ကျောင်းသူ/သားများအား တိကျသော စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ iPad အား ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုရန် ခွင့်ပြုထားပါသည်။ ထပ်ဆင့်အချက်အလက်များအတွက် EACS စက်မှုနည်းပညာ လက်စွဲစာအုပ်သို့ ကိုးကားပါ။ 4+ နှင့် 9+ စံနှုန်း သတ်မှတ်ထားသော apps များကိုသာ သွင်းယူနိုင်ပါသည်။

**App ဝယ်ယူရာတွင် လျှော့ဈေးများရှိသလား?** ဆရာ/မမှ သီးသန့် တောင်းဆိုသော apps အား ဝယ်ယူမှုမှ လွဲ၍ EACS မှ အသုံးပြုသော ပညာရေးဆိုင်ရာ apps များအားလုံးသည် အခမဲ့ဖြစ်ပါသည်။ အကယ်၍ ပညာရေးအတွက် အကျိုးရှိကြောင်းတွေ့ရှိပါက iPad ထဲသို့ နောက်ထပ် apps များ သွင်းပေးပါလိမ့်မည်။

## ခေါင်းစဉ် - Canvas (EACS သင်ယူလေ့လာရေး စီမံဆောင်ရွက်မှု စနစ်)

**Canvas (ကန်းဗတ်စ်) ဆိုသည်မှာ ဘာလဲ?** Canvas **(ကန်းဗတ်စ်)** ဆိုသည်မှာ ကျွန်ုပ်တို့ ခရိုင်၏ သင်ယူလေ့လာရေး စီမံခန့်ခွဲမှုစနစ် (Learning Management System - LMS) ဖြစ်ပါသည်။ LMS မှ ဆရာ/မ၏ တစ်နှစ်ပတ်လုံး သင်ရိုးညွှန်းများ တင်ပြချက် ပို့စ်၊ ဗီဒီယိုများ၊ ဝက်ဘ်ဆိုက် လင့်ခ်များ၊ ရုပ်ပုံများနှင့် သင်ကြားရေးနှင့် လေ့လာသင်ယူရေး လမ်းကြောင်းတွင် အရေးကြီးသော အခြားပါဝင်သည့် အကြောင်းအရာများအား ပြက္ခဒိန်တခု လုပ်ကာ စနစ်တကျ လုပ်ဆောင်သကဲ့သို့ ဘာသာရပ်တခုအတွက် မေးခွန်းများ၊ အကဲဖြတ်စစ်ဆေးမှုများ၊ အိမ်စာများ၊ ဆွေးနွေးချက်များအား ကျောင်းသူ/သားများထံသို့ ပေးပို့နိုင်စေရန် ဆရာ/မ အား ပံ့ပိုးပေးခြင်းဖြင့် ဆရာ/မ ၏ ကွန်ပျူတာနည်းပညာ အတန်းအား စီမံခန့်ခွဲပေးပါသည်။

**ကျောင်းသူ/သားအနေဖြင့် Canvas (ကန်းဗတ်စ်) ထဲသို့ မည်သို့ log in ဝင်ရောက်ရမည်နည်း?** Eacs.instructure.com သည် Canvas (ကန်းဗတ်စ်) အတွက် ခရိုင်ဝက်ဘ်ဆိုဒ် တခု ဖြစ်ပါသည်။ ကျောင်းသူ/သားတို့ မှ Canvas ထဲသို့ log in ဝင်ရောက်ခြင်းသည် သူတို့၏ ကျောင်းကွန်ပျူတာထဲသို့ log in ဝင်ရောက်ခြင်း နှင့် အတူတူ ဖြစ်ပါသည်။ User name (အသုံးပြုသူအမည်) မှာ ကျောင်းသား၏ ကျောင်းမှတ်ပုံတင်နံပါတ်ဖြစ်ပြီး၊ password (လျှို့ဝှက်သင်္ကေတ) မှာ ကျောင်းသား၏ ရှေ့ဆုံးအမည် (ရှေ့ဆုံးအက္ခရာအား စာလုံးကြီးဖြင့်ရေး၍) နှင့် ကျောင်းသား မှတ်ပုံတင်နံပါတ် နောက်ဆုံး ၄ လုံး ဖြစ်ပါသည်။

**မိဘတို့အနေဖြင့် Canvas (ကန်းဗတ်စ်) ထဲသို့ ဝင်ရောက်နိုင်ပါသလား?** ဟုတ်ကဲ့၊ မိဘတို့ ဆန္ဒရှိပါက ၄င်းတို့၏ ကိုယ်ပိုင် Canvas (ကန်းဗတ်စ်) တခုပြုလုပ်၍ ဆက်သွယ်အသုံးပြုနိုင်ပါသည်။ Canvas (ကန်းဗတ်စ်) ကို ဝင်ရောက်ရန် ညွှန်ကြားချက်များအတွက် ကျေးဇူးပြု၍ မိမိကလေး၏ အတန်းပိုင်ဆရာအား မေးမြန်းပါ။